# မြန်မာနိုင်ငံ[၁]

*၁၉၉၉ခုနှစ် မတ်လမှ ၂၀၀၀ခုနှစ် မေလအတွင်း အဓိက ဖြစ်ထွန်းမှုများ–* အစိုးရတပ်ဖွဲ့နှင့် အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ (၁၀)ဖွဲ့သည် လူကိုထိခိုက်စေသော မြေမြှုပ်မိုင်း အရေအတွက် အတော်များများကို ဆက်လက်ချထားနေဆဲဖြစ်သည်။ ၁၉၉၉ခုနှစ်အတွင်း မြေမြှုပ်မိုင်းဒါဏ်ဖြင့် ဝေဒနာခံစားရသူ ၁၅၀၀ ဦးခန့်ရှိသည်ဟု မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ခန့်မှန်းသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီသည် မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်ကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထောက်ခံအတည်ပြုခဲ့သည်။

## မိုင်းဗုံးတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံစစ်အစိုးရကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နယက) ဟုခေါ်သည်။ နယကသည် မိုင်းဗုံးတားဆီးရေး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးပေ။ ထို့အပြင် အော်တဝါ လုပ်ငန်းစဉ်တွင်လည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း မရှိပေ။ မိုင်းဗုံး တားဆီးရေးသဘောတူစာချုပ်ကို ထောက်ခံသော ဆုံးဖြတ်ချက်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ၁၉၉၉ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်စဉ်က နယက ကဆန္ဒမဲမပေးပဲ နေခဲ့သည်။ နယက ကိုယ်စားလှယ်ကရှင်းလင်းချက်ထုတ်ပေးသည်မှာ– “အားလုံးကိုသိမ်းကျုံး၍ မြေမြှုပ်မိုင်းတားဆီးရေးဆိုသည်မှာ မလိုအပ်သည့်အပြင် တိကျသော ရှင်းလင်းချက်လည်းမရှိပေ။ ပြသနာမှာ မြေမြှုပ်မိုင်းများကို မဆင်မခြင် အသုံးချမှုနှင့်၊ လွှဲပြောင်း ပေးအပ်ခြင်းများသာဖြစ်သည်။”[၂]

လူကိုထိခိုက်စေသော မြေမြှုပ်မိုင်းများ လွှဲပြောင်းခြင်းကို တားမြစ်ချက်အား ထောက်ခံကြောင်းနှင့် (နယက ကအဖွဲ့ဝင်ဖြစ်သော) လက်နက်ဖျက်သိမ်းရေးညီလာခံသည် ထိုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန် သင့်တော်သော နေရာဖြစ်သည်ဟု ယုံကြည်ကြောင်း နယက ကကြေညာသည်။[၃] မြန်မာနိုင်ငံသည် သမရိုးကျလက်နက်များဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံမဟုတ်ပါ၊ သို့သော် ၁၉၉၉ခုနှစ် ဒီဇင်ဘာလတွင် ဂျီနီဗာ၌ ကျင်းပခဲ့သည့် သမရိုးကျလက်နက်များဆိုင်ရာ သဘောတူညီချက်– နောက်ဆက်တွဲသဘောတူညီချက် အမှတ်(၂) (မြေမြှုပ်မိုင်း) စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ပထမဦးဆုံး ညီလာခံသို့ လေ့လာသူများကို စေလွှတ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉နှင့် ၂၀၀၀ ခုနှစ်များအတွင်း ကျင်းပခဲ့သည့် အခြားသော မိုင်းဗုံး တားဆီးရေး အစည်းအဝေးများတွင် ပါဝင်ခဲ့ခြင်းမရှိပေ။

၁၉၉၉ခုနှစ် မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာထုတ်ပြန်ပြီးများမကြာမီ ထိုအစီရင်ခံစာသည် တိုင်းပြည်ပြင်ပတွင်နေထိုင်သော သူများတင်ပြသည့် သတင်းအချက်အလက်များအပေါ်အခြေခံကာ ရေးသားထားသည်ဟု နယက ကထိုအစီရင်ခံစာကို ဝေဖန်ခဲ့သည်။ မြန်မာ့တပ်မတော်က ထိုင်းနိုင်ငံအတွင်း မြေမြှုပ်မိုင်းများထောင်ထားသည်ဆို

[၁] လက်ရှိအစိုးရအာဏာကိုထိမ်းချုပ်ထားသောစစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burma မှ Myanmer မြန်မာ အဖြစ်သို့ပြောင်းလဲခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများက Burma ဟူသောအမည်ကို ဆက်လက်အသုံးပြုနေကြသေးသည်။ ဤ အစီရင်ခံစာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒနှင့် အကောင်အထည်ဖေါ်မှုများအပိုင်းကိုရည်ညွှန်းရန်လို အပ်သောအခါများတွင် Myanmer ဟူသောအမည်ကိုသုံး၍ အခြားကိစ္စများအတွက် Burma ဟူသောအမည်ကို အသုံးပြုသွားမည်။

[၂] ၅၄ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေးအတွင်း မဲမပေးပဲနေသည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့၏ရှင်းလင်းချက်၊ Resolution A/C. 1/54/L.2 (no date)

[၃] သံတမန်လက်စွဲစာအုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်၊ စာမျက်နှာ ၃၁၃–၃၁၄။ အမည်မဖေါ်ပြလိုသော နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတဦးနှင့် တွေ့ဆုံမေးမြန်ခန်း၊ ၁၉၉၉ခုနှစ် ဩဂုတ်လ– အောက်တိုဘာလ။

သောအချက်၊ တပ်မတော်က အရပ်သားများကို ပစ်မှတ်ထား၍ မိုင်းအသုံးချသည်ဆိုသောအချက်နှင့် "လူသားမိုင်းရှင်းကရိယာ" အဖြစ် အရပ်သားများကို အသုံးပြုသည်ဆိုသောအချက်များကို နယက ကငြင်းဆိုသည်။[၄]

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်ကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ "ပြည်သူ့ပါလီမန်အစည်းအဝေးကျင်းပသောအခါ သဘောတူစာချုပ် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးအတွက် ထောက်ခံတင်ပြမည်" ဟု ထိုကော်မတီက ကြေညာသည်။[၅]

## ထုတ်လုပ်မှု၊ လွှဲပြောင်းမှု၊ သိုလှောင်ထားမှု -- အစိုးရ

မြန်မာနိုင်ငံသည် လူကိုထိခိုက်စေသော မြေမြှုပ်မိုင်းများ ထုတ်လုပ်သည့်နိုင်ငံတခုဖြစ်သည်။ မြန်မာ့ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ)မှ အနည်းဆုံး MM1 နှင့် MM2 ဒီဇိုင်း မိုင်းနှစ်မျိုး ထုတ်လုပ်လျက်ရှိသည်။ ထိုမိုင်းဗုံးများကို တရုတ်လုပ် စနက်တံဖြင့် ပေါက်ကွဲစေသည့် ၅၉ အမျိုးအစားမိုင်းနှင့် ၅၈ ပေါက်ကွဲမိုင်း အမျိုးအစားများနောက်မှ တီထွင်သော မိုင်း များဖြစ်သည်။[၆] အစိုးရက MM3၊ MM4 နှင့် MM5 မိုင်းသုံးမျိုးထုတ်လုပ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးသုတေသနမှူးများကို ပြောကြားသည်၊ သို့သော် ခိုင်မာသောသက်သေအထောက်အထားများ မတင်ပြနိုင်ပေ။[၇]

နယက က လူကိုထိခိုက်စေသောမိုင်းများ လွှဲပြောင်းပေးမှုတားမြစ်ချက်အား ထောက်ခံကြောင်းကြေညာထားသော်လည်း၊ ထိုသို့လုပ်ခြင်းကို တားမြစ်ရန် သို့မဟုတ် တားမြစ်ကြောင်း ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်နေသေးသည်။ အစိုးရ အနေဖြင့် လူကိုထိခိုက်စေသောမိုင်းများ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနေသော အထောက်အထားများ မတွေ့ရပေ၊ သို့သော် တပ်မတော်တပ်ဖွဲ့များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ မိုင်းဗုံးများထောက်ပံ့ပေးနေကြောင်း စွပ်စွဲမှုများရှိသည်။[၈]

အခြားနိုင်ငံများမှထုတ်လုပ်သော လူကိုထိခိုက်စေသောမိုင်း အမျိုးအစားများစွာ စစ်မြေပြင်များတွင်တွေ့ရသည်။ ထိုအချက်က လက်ရှိမဟုတ်လျှင် အတိတ်ကာလက ထိုမိုင်းများတင်သွင်းခဲ့ကြောင်း ဖော်ပြနေသည်။ ထိုအထဲတွင် တရုပ်၊ အစ္စရေး၊ အီတလီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုလုပ်မိုင်းများနှင့် အခြားသော ခွဲခြားခြင်းမပြုနိုင်သည့် လူကိုထိခိုက်စေသော မိုင်းများပါဝင်သည်။[၉]

သိုလှောင်ထားရှိသော မိုင်းအမျိုးအစားများနှင့် ပမာဏကို နယက သော်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန သော်လည်းကောင်း မည့်သည့်အခါကမျှ ထုတ်ပြန်ကြေညာခြင်းမရှိပါ။

---

[၄] သံအမတ် ဦးတင်ဝင်းမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပေးပို့သောစာ၊ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၊ ဝါရှင်တန်–ဒီစီ၊ ၁၉၉၉ခုနှစ် ဇူလိုင်လ(၁၆)ရက်၊ http://www.icbl.org/lm/comments.thml မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာကိုကြိုဆိုကြောင်း နယက ကထုတ်ဖော်ပြောဆိုသည့်အတွက် မြန်မာနိုင်ငံအတွင်းမှ မြေမြှုပ်မိုင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များပေးရန် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကတောင်းဆိုခဲ့သော်လည်း မည်သည့်သတင်းအချက်အလက်မျှမရရှိပေ။ ဆွေးနွေးမှုစတင်လာနိုင်ရေးအတွက်ရည်ရွယ်သည့်အနေဖြင့် အကြံပြုချက်နှင့် သုံးသပ်ချက်များ ပြန်လည်ရရှိစေရေး ဤအစီရင်ခံစာမူကြမ်းတစောင်ကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ပေးပို့ခဲ့သည်၊ သို့သော် မည်သည့်အကြောင်းပြန်ကြားချက်မျှ မရရှိပေ။

[၅] ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၊ လူကိုထိခိုက်စေသောမိုင်းများတားဆီးရေးနှင့် ၎င်းတို့အား ဖျက်သိမ်းပစ်ရေး ဆိုင်ရာသဘောတူညီချက်အား ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၏ ထောက်ခံချက်၊ ဇန်နဝါရီလ ၂၀၀၀ ပြည့်နှစ်။

[၆] David McCracken၊ မိုင်းနည်းပညာအကြံပေးအရာရှိ၊ Thai Mine Action Centre နှင့်တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ၊ ၁၉၉၉ခုနှစ်။ ၅၉ အမျိုးအစားမိုင်းကို ဥတုသုံးပါး၏ အကာဖြင့် တပ်ဆင်ထားသည်။ ပြည်နှင့်မကွေးရှိ ကပစ စက်ရုံများမှ မိုင်းများ ထုတ်လုပ်နေကြောင်း အခြားသတင်းရပ်ကွက် တခုက ဖော်ပြသည်။ Andrew Selth, *Transforming the Tatmadaw (တပ်မတော်ကို ပြန်လည်စုဖွဲ့ခြင်း)* (ကင်ဘာရာ၊ မဟာဗျူဟာ လေ့လာရေးဌာန)၊ စာမျက်နှာ ၃၀–၃၅။

[၇] မြန်မာနိုင်ငံ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဝင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒီဇင်ဘာလ၊ ၁၉၉၉ခုနှစ်။

[၈] အဆိုပါ တွေ့ဆုံမေးမြန်းချက်။

[၉] အမည်မဖော်ပြလိုသူတဦး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်၊ ဖေဖော်ဝါရီလ၊ ၂၀၀၀ ပြည့်နှစ်။

## အသုံးပြုမှု–– အစိုးရ

၁၉၉၉ခုနှစ် မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာထုတ်ပြန်ပြီးနောက်ပိုင်း မိုင်းစစ်ဆင်ရေးများ ဆက်လက် ဖြစ်ပွါးနေသေးသည်။ လူကိုထိခိုက်စေသော မိုင်းများအသုံးချမှုနှင့်ပတ်သက်၍ အစိုးရက ငြင်းချက် မထုတ်ပါ၊ သို့သော် မဆင်မခြင်အသုံးပြုခြင်းမဟုတ်ဟု ပြောသည်။[၁၀]

သံလွင်မြစ်ကမ်းတလျှောက်နှင့် ရှမ်းပြည်တောင်ပိုင်း ထိုင်းနယ်စပ်နေရာများတွင် နယက ကမိုင်းထောင်ထားကြောင်း သူပုန်တပ်ဖွဲ့ ရှမ်းပြည်တပ်မတော် (SSA) ကပြောသည်။[၁၁] နယက နှင့်အတူတွဲနေသော လားဟူစစ်သားများကလည်း SSA တပ်ဖွဲ့ အသုံးပြုနေသော လမ်းကြောင်းများပေါ်တွင် မိုင်းထောင်ကြောင်း စွပ်စွဲပြောဆိုသည်။ SSA တပ်ဖွဲ့က ရှင်းလင်းဖယ်ရှားပစ်ခဲ့သော မြန်မာပြည်တွင်ထုတ်လုပ်သည့်မိုင်းများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနမှူးများ တွေ့မြင်ခဲ့ဘူးသည်။

ကရင်ပြည်နယ်၊ ဒေါ်လွဲမြို့နယ်အတွင်းရှိ ရွာသားများ ထွက်ပြေးတိမ်းရှောင်သွားသည့် ကျေးရွာများကို နယက တပ်ဖွဲ့များက မီးရှို့ဖျက်ဆီးကြောင်း၊ ထို့နောက် လူသွားလမ်းများ၊ ရွာအနီးအနားရှိ ကွင်းပြင်များတွင် မိုင်းများထောင်ထားကြောင်း ၂၀၀၀ ပြည့်နှစ် မေလအတွင်း စွပ်စွဲပြောဆိုမှုများ ရှိခဲ့သည်။[၁၂] မြို့တော်၏ အရှေ့မြောက်ဖက် အရပ်တွင်ရှိ ဒေသများတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ကမိုင်းထောင်ထားခြင်းကို လက်တုံ့ပြန်သည့် အနေဖြင့် နယက (တပ်များ)ကလည်း မိုင်းများပြန်ထောင်ထားသည်ဟု ဆိုသည်။ KNLA တပ်ဖွဲ့များ ရိက္ခာသယ်ယူသည့် လမ်း ကြောင်း၊ ဒုက္ခသည်များ ထိုင်းနယ်စပ်သို့ထွက်ပြေးသည့်လမ်းကြောင်း၊ ကရင်ရွာသားများထွက်ပြေးသွားပြီးသော ကျေးရွာများအနီးနှင့် အတင်းအကြပ်ရွှေ့ပြောင်းခံရပြီးသော ကျေးရွာများအနီးတို့တွင် နယက (တပ်များ) မိုင်းထောင်သွားလေ့ရှိသည်ဟု ဆိုသည်။[၁၃]

တနင်္သာရီတိုင်းအတွင်း၊ ထိုင်းနိုင်ငံနှင့်နယ်ချင်းစပ်လျှက်ရှိသော အမလကီးမှ တောင်ဖက်ခြမ်းတခုလုံးရှိ နယ်မြေများကို ထိမ်းချုပ်နိုင်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် ၁၉၉၉ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းတွင် တပ်မတော်မှမိုင်းများ အသုံးပြုခဲ့သည်။[၁၄] ထိုစီမံချက်တွင် ယာဉ်ကိုဖျက်ဆီးမည့်မိုင်းများနှင့် လူကိုထိခိုက်စေသောမိုင်းများ ရောနှောအသုံးပြု ထားသည်။ မိုင်းထောင်သောနယ်မြေများမှာလည်း နယ်စပ်လိုင်းတလျှောက်ရှိ ထိုင်းနိုင်ငံတွင် ဒုက္ခသည်အဖြစ်ခံယူမည့်သူများ အပါအဝင် လူများအလွယ်တကူ ဖြတ်သွားနိုင်သောလမ်းကြောင်းများအနီးရှိ စစ်စခန်းများ၊ စမ်းချောင်းနဘေးများ၊ လူသွားလမ်းများ၊ လမ်းမများနှင့် နယ်စပ်ကျော်ဖြတ်စခန်းများအကြားတွင်ဖြစ်သည်။

နယ်စပ်တွင် စခန်းချထားသော ထိုင်းတပ်မတော်မှ အစီရင်ခံစာများအပါအဝင် ထိုင်းနိုင်ငံအတွင်း၌ (မြန်မာ့)တပ်မတော်မှ မိုင်းထောင်သည်ဟူသော အစီရင်ခံချက်များရရှိနေသည်။[၁၅] ထိုင်းနိုင်ငံအတွင်း (မြန်မာ့)တပ်မတော်မှ မိုင်းထောင်ထားသည့် အချက်အလက်များကိုဖေါ်ပြသော အထောက်အထားများကို ထိုင်းစစ်တပ်မှ မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့အားပေးအပ်ခဲ့သည်။[၁၆] ၁၉၉၉ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ထောင်ထားခဲ့သည်ဟုယူဆရ

---

[၁၀] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပေးပို့သော သံအမတ်ဦးတင်ဝင်း၏စာ၊ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၊ ဝါရှင်တန် ဒီစီ၊ ဇူလိုင်လ(၁၆)ရက်၊ ၁၉၉၉ခုနှစ်။

[၁၁] ရှမ်းတောင်တန်းတနေရာရှိစခန်း၌ ရှမ်းပြည်တပ်မတော် စစ်ဦးစီးမှူး ဗိုလ်မှူးကြီး ရွတ်ဆစ်၏ သတင်းစာရှင်းလင်းပွဲ၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။

[၁၂] ကရင်လူ့အခွင့်အရေးအဖွဲ့ (အစီရင်ခံစာ)၊ နယက တပ်များ မီးရှို့ခြင်း၊ ရွာများ၌မိုင်းထောင်ခြင်းများကြောင့် ဖါပွန်နှင့် ညောင်လေးပင်ခရိုင်မှ ရွာသားများ ထွက်ပြေးလာခြင်း၊ ဧပြီလ(၂၅)ရက် ၂၀၀၀ပြည့်နှစ်။

[၁၃] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ စစ်ရေးအကြံပေးမှ ပေးပို့သောစာ၊ နိုဝင်ဘာလ (၁၁)ရက်၊ ၁၉၉၉ခုနှစ်။ ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ကာကွယ်နိုင်စွမ်းကိုကျော်လွန်၍– ဖါးအံအရှေ့တောင်ဖက်ရှိ ကရင်ကျေးရွာများအား ချေမှုန်းဖျက်ဆီးပစ်ခြင်း"၊ ဒီဇင်လာလ (၂၀)ရက်နေ့၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၂၂– ၂၇။ ကရင်လူ့ခွင့်အရေးအဖွဲ့အစီရင်ခံစာ၊ ဒီဇင်လာလ (၂၀)ရက်နေ့၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၂၂–၂၇။

[၁၄] ပြည်သူ့ကာကွယ်ရေးတပ်၊ စစ်ရေးနှင့်နိုင်ငံခြားရေး ကိုယ်စားလှယ်အဖွဲ့ရုံး၊ စန်ခလဘူရီ၊ ထိုင်းနိုင်ငံ နှင့်တွေ့ဆုံမေးမြန်းချက်၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။ ထိုင်းနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် တွေ့ဆုံမေးမြန်းချက်၊ မတ်လ ၂၀၀၀ပြည့်နှစ်။

[၁၅] နယ်စပ်တွင်အခြေစိုက်သော ထိုင်းစစ်တပ်နှင့် တွေ့ဆုံမေးမြန်းချက်၊ စက်တင်ဘာလ၊ ၁၉၉၉ခုနှစ်။

[၁၆] KNLA က မြန်မာ့တပ်မတော် တပ်စခန်းတခုကို မတ်လ ၂၀၀၀ပြည့်နှစ်က သိမ်းပိုက်ခဲ့စဉ် ထိုင်းနိုင်ငံအတွင်း မြန်မာ့ တပ်မတော်မှ မိုင်းထောင်ထားသည့်အချက်အလက်များကိုဖေါ်ပြသော အထောက်အထားများ သိမ်းဆည်းမိခဲ့သည်။ ထိုအထောက်အထားများ

သော မြန်မာနိုင်ငံလုပ်မြေမြှုပ်မိုင်းများကြောင့် နယ်စပ်တွင်ကင်းလှည့်နေစဉ်အတွင်း ထိုင်းနယ်ခြားစောင့်တပ်မှ အရာရှိများ အသက်သုံးဆုံးရှုံးခဲ့ရခြင်းနှင့် ဒါဏ်ရာရခြင်းများရှိခဲ့သည်။[၁၇] ထိုင်းစစ်တပ်အရာရှိများ နေရာ အတော်များများတွင် မိုင်းများ ရှင်းလင်းထားပြီးဖြစ်သည်။

မိုင်းထောင်ခြင်းနှင့်ပတ်သက်၍ နည်းလမ်းနှစ်သွယ်ကို တပ်မတော်မှအသုံးပြုနေသည်၊ ၎င်းတို့မှာ မှတ်ပုံတင်မိုင်းထောင်စနစ်နှင့် မိုင်းအပျောက်ထောင်ခြင်းစနစ်တို့ဖြစ်သည်။ ရိက္ခာသယ်ယူပို့ဆောင်သောလမ်းကြောင်းများ သို့မဟုတ် စစ်စခန်းများပတ်ဝန်းကျင်ကို ကာကွယ်ထားရန်အတွက် သတ်မှတ်ကာလများအတွင်း မှတ်ပုံတင်မိုင်းထောင်စနစ်ကို အသုံးပြုသည်။ မိုင်းထောင်ထားသောနေရာများကို မှတ်တမ်းတင်ထားပြီး၊ စစ်ဆင်ရေးပြီးဆုံးသောအခါ မိုင်းများကိုဖယ်ရှားပစ်သည်။ မိုင်းအပျောက်ထောင်စနစ်မှမိုင်းများကို မည်သည့်အခါမျှ ပြန်လည်ရှင်းလင်းနိုင်ခြင်းမရှိပေ။ မှတ်ပုံတင်မိုင်းထောင်စနစ်ဖြစ်စေ၊ မိုင်းအပျောက်ထောင်စနစ်ဖြစ်စေ တနည်းနည်းဖြင့် အမှတ်အသားပြုသတိပေးထားခြင်း၊ ကန့်သတ်နေရာအဖြစ် သတ်မှတ်ခြင်းမျိုးမရှိပေ။ ပျောက်ဆုံးသောမိုင်းများ၏ အမျိုးအစား၊ အရေအတွက်နှင့် ရောဘုံယျနေရာများကို တပ်မတော်သုံးမြေပုံများ သို့မဟုတ် မှတ်တမ်းများ (ဥပမာ– တောင်ကုန်းအမှတ် ၂၇၀ ပေါ်မှ 5 AP အမှတ်အသား)။ ဤသို့မှတ်သားထားခြင်းကြောင့် ယခင်မိုင်းထောင်ထားဘူးပြီးသောနေရာများကို တပ်မတော်တပ်ဖွဲ့များက သိရှိနိုင်သည်။ သို့သော် တိကျသော နေရာများကားမဟုတ်ပါ။[၁၈]

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်ချင်းစပ်လျှက်ရှိသော နေရာများတွင် နယက စစ်တပ်အင်ဂျီနီယာများ မိုင်းကွင်းများ ဆက်လက်ထားရှိသည်ဟု ယုံကြည်ရသည်။ ပေါက်ကွဲပြီးသောမိုင်းများနှင့် မိုင်းအဟောင်းများ၏နေရာတွင် အသစ်များဖြင့် အစားထိုးသည်။[၁၉] နယ်စပ်တလျှောက်လုံး၌ ပထမဦးဆုံး ၁၉၉၃ခုနှစ်က ထောင်ထားခဲ့သောမိုင်းခင်းများ ကြောင့် နယ်စပ်ကိုကူးသန်းသွားလာ၍ စီးပွါးရှာနေသူများ ဥပမာ သစ်ခုတ်ခြင်း၊ ရောင်းဝယ်ခြင်းများ၊ မြန်မာပြည်အတွင်းပိုင်းမှ ဒုက္ခသည်များ ထွက်ပြေးလာခြင်းများကို ဟန့်တားရာရောက်သည်။[၂၀] ထို့အတူ မြန်မာနိုင်ငံအတွင်းပိုင်းမှ ဒုက္ခသည်များ ထွက်ပြေးခြင်းကို တာမြစ်ခြင်း၊[၂၁] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ နယ်စပ်ကျော်ဖြတ်ခြင်း[၂၂] ကိုလည်းဟန့် တားထားနိုင်သည်။ သစ်တောထူထပ်ခြင်း၊ နယ်စပ်မျဉ်း တိတိကျကျသတ်မှတ်ထားမှု မရှိခြင်းများကြောင့် တချို့မိုင်းများကို ဘင်္ဂလားဒေ့ရှ် နိုင်ငံနယ်မြေအတွင်း၌ပင် ထောင်ထားသည်။ လူကိုထိခိုက်စေသော မိုင်းဝေဒနာခံစားရသူများထဲတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများပါဝင်သည်။[၂၃] ထိုမြေမြှုပ်မိုင်းများဖယ်ရှားပစ်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံအား အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီးဖြစ်သည်။[၂၄]

---

ကို ထိုင်းအာဏာပိုင်များအားပေးအပ်ခဲ့ပြီး မိတ္တူတစောင်ကို မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့အား ပေးအပ်ခဲ့သည်။ ထိုအထောက်အထားများကို မည်သူက ပြုလုပ်ထားသနည်းဟူသောအချက် နှင့်ပတ်သက်၍ အပြည့်အဝ ဆန်းစစ်ခြင်းမပြုလုပ်နိုင်ပါ။

[၁၇] "Thai Soldiers wounded by Junta's Landmine," *Bangkok Post* သတင်းစာ၊ နိုဝင်ဘာလ (၁၈)ရက် ၁၉၉၉ခုနှစ်။ "Lanfmines: Burma row leaves border vulnerable," *Bangkok Post* သတင်းစာ၊ ဇန်နဝါရီလ(၁၉) ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။ "Ranger loses leg to mine," *The Nation* သတင်းစာ၊ ဇန်နဝါရီလ(၁၉)ရက်၊ ၂၀၀၀ပြည့်နှစ်။ "Landmine Kills 4 Soldiers at Suan Phung," *The Nation* သတင်းစာ၊ ဇန်နဝါရီလ(၂၁)ရက်၊ ၂၀၀၀ပြည့်နှစ်။ "Landmine blast injuries Thai soldiers," *The Nation* သတင်းစာ၊ ဖေဖေါ်ဝါရီလ(၁)ရက်၊ ၂၀၀၀ပြည့်နှစ်။ "Border patrol- Five soldiers hurt by landmine," *Bangkok Post* သတင်းစာ၊ ဖေဖေါ်ဝါရီလ(၂)ရက်၊ ၂၀၀၀ပြည့်နှစ်။ "Landmine blast injuries four soldiers," *The Nation* သတင်းစာ၊ ဖေဖေါ်ဝါရီ လ(၄)ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၁၈] တပ်မတော်အရာရှိဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းချက်၊ ဩဂုတ်လနှင့် စက်တင်ဘာလ ၁၉၉၉ခုနှစ်။ ရံဖန်ရံခါ ပျောက်ဆုံးသော မိုင်းဟူသော ဝေါဟာရအစား "ပြန်လည်ဖေါ်ထုတ်သည့်" သို့မဟုတ် "မေ့ပျောက်နေသည့်"ဟူသောဝေါဟာရများကိုလည်း အသုံးပြုသည်။

[၁၉] မြန်မာနိုင်ငံ ဝန်လင်ဒန်မှ ချက္ကမာ ရွာသားတဦးနှင့် ရခိုင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းခန်းအကြောင်းကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်ရှိ သုတေသနမှူးအား ပြန်လည်ပြောပြချက်။

[၂၀] ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြန်မာနယ်စပ်အနီး၌နေထိုင်သော ရွာသားများနှင့် တွေ့ဆုံမေးမြန်းခန်း၊ နိုဝင်ဘာလ ၁၉၉၉ခုနှစ်။

[၂၁] ဘင်္ဂလားဒေ့ရှ်အစိုးရ အရာရှိများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ၊ ၁၉၉၉ခုနှစ်။ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တွင် လူသားခြင်းစာနာသောအကူအညီပေးရေးအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လ ၁၉၉၉ခုနှစ်။

[၂၂] ဘင်္ဂလားဒေ့ရှ်အစိုးရအရာရှိတဦးနှင့် တွေဆုံမေးမြန်းချက်၊ အောက်တိုဘာလ ၁၉၉၉ခုနှစ်။

[၂၃] Mohammad Nurul Islam, "Where landmines take a heavy toll," *The independent* သတင်းစာ၊ မေလ (၂၈)ရက်၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၁၄။

[၂၄] ဘင်္ဂလားဒေ့ရှ် အစိုးရအရာရှိနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လ ၁၉၉၉ခုနှစ်။

မိုင်းများထောင်ထားခြင်းနှင့်ပတ်သက်၍ တရားဝင်ညွှန်ကြားချက်မရှိကြောင်း တပ်မတော်အရာရှိများက မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေး သုတေသနမှူးများကို ပြောကြားဘူးသည်။ သာမန်အားဖြင့် မိုင်းများကို (BE) စစ်တပ် အင်ဂျီနီယာတပ်ဖွဲ့များက ထောင်လေ့ရှိသည်။ စစ်တပ်အင်ဂျီနီယာများ မရှိသောအခါများနှင့် အထက်အရာရှိအမိန့် ရရှိသောအခါများမှ အခြားစစ်သားများ မိုင်းထောင်လေ့ရှိသည်။[၂၅]

## တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ

အများအားဖြင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးကိုအခြေခံသော လက်နက်ကိုင်အဖွဲ့အစည်းသုံးဆယ်သည် နယက အားဆန့်ကျင်သော လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲလျှက်ရှိသည် (အောက်တွင်ပါသော ဇယားတွင်ရှု)။ ရခိုင်၊ ချင်း၊ ရှမ်း၊ ကရင်နီနှင့် ကရင်ပြည်နယ်များအတွင်းနှင့် ပဲခူး၊ တနင်္သာရီဒေသများအတွင်းရှိ တဒါဇင်ခန့်မျှသော လက်နက်ကိုင်အဖွဲ့များ သည် ၁၉၉၉ခုနှစ်အတွင်း အတိုင်းအတာတခုအထိ (အများအားဖြင့် အနည်းအကျဉ်းမျှ) တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွါးခဲ့သည်။[၂၆]

## ထုတ်လုပ်မှု၊ လွှဲပြောင်းပေးမှု၊ သိုလှောင်ထားမှု–– တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပေါက်ကွဲမှုအဟုန်ဖြင့်တိုက်ခိုက်သောမိုင်းနှင့် ပေါက်ကွဲစေတတ်သော အရာအဖြစ်သို့ ပြောင်းလဲနိုင်သည့်ကရိယာတန်ဆာများ (IEDs) ထုတ်လုပ်နိုင်ည်ဟု ယုံကြည်ရသည်။ တချို့အဖွဲ့များမှာ ကလေမိုး–အမျိုးအစား မိုင်းများ ထုတ်လုပ်နိုင်စွမ်းရှိသည်။[၂၇] မိုင်းထုတ်လုပ်နိုင်သော ပစ္စည်းကရိယာများ အလွယ်တကူ ရရှိနိုင်သည်။ မိုင်းအများစုမှာ အလုပ်လုပ်ရန်အတွက် ဓါတ်ခဲများလိုအပ်သည်။ ထို့ကြောင့် ပုံမှန်ဓါတ်ခဲသက်တမ်း တနှစ်နှင့်အညီ မိုင်းများ၏သက်တမ်းကို ကန့်သတ်ရာရောက်သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ တည်ထွင်လိုက်သော မိုင်းအမျိုးအစားသစ်တ မျိုးမှာ ဓါတ်ခဲမလိုပဲ အသုံးချနိုင်သဖြင့် သက်တမ်းပိုကြာခံသည်။[၂၈]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံခြားအစိုးရများထံမှ မိုင်းများလက်ခံရရှိခြင်းမရှိပေ။ သို့သော် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားစစ်ပွဲများသည် ဒေသအတွင်းမှောင်ခိုဈေးကွက်၌ အရေအတွက်မြောက်များစွာသော မိုင်းများကို ချန်ထားခဲ့သည်။ ၁၉၉၉ခုနှစ် မှောင်ခိုဈေး၌ ပေါက်ဈေးများမှာ အမေရိကန် သို့မဟုတ် ဗီယက်နမ်လုပ် M-14 အမျိုးအစား လူကိုထိခိုက်စေသော မိုင်းတလုံး ၅ဒေါ်လာခန့်နှင့် ကလေမိုး မိုင်းတလုံး ၁၁ဒေါ်လာခန့် ဖြစ်သည်။[၂၉] တရုတ် လုပ် 72 အမျိုးအစားအပါအဝင် အခြားအမျိုးအစား လူကိုထိခိုက်စေသောမိုင်းများလည်း ဝယ်ယူရရှိနိုင်သည်။ အထက်တွင်တင်

---

[၂၅] တပ်မတော်အရာရှိဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လနှင့် ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။

[၂၆] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်တပ်အရာရှိများ၊ ဒုက္ခသည်များ၊ ကယ်ဆယ်ရေးလုပ်သား စေတနာ့ဝန်ထမ်းများ၊ အစိုးရအဖွဲ့ထမ်းများ၊ လေ့လာသူများနှင့် တွေ့ဆုံမေးမြန်းချက်များ။

[၂၇] အသေးစိတ်အချက်အလက်များအတွက် *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၁၉၉၉ခုနှစ်အစီရင်ခံစာ*တွင်ရှု၊ ၁၉၉၉ခုနှစ်ဆန်းပိုင်းတွင် အစိုးရထံလက်နက်ချသည့်အချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် ခွန်ဆာ၏ မွန်ထိုင်းစစ်တပ် (MTA) သည် ခေတ်အမှီဆုံး မိုင်းထုတ်လုပ်နိုင်သော ပစ္စည်းကရိယာများရှိသည်။ ကိုယ်ထည်တည်ဆောက်ခြင်း၊ စက်ပစ္စည်းများနှင့် တပ်ဆင်ခြင်း၊ သံထည်ထုတ်လုပ်ခြင်းများကို လုပ်ဆောင်နိုင်စွမ်းရှိသောစက်ရုံ ဟိုမုန်းတွင်ရှိသည်။ ကပစ လုပ် MM2 အမျိုးအစားနှင့်တူသော စနက်တံဖြင့် ပေါက်ကွဲစေသည့် မိုင်းများကို ထိုစက်ရုံမှထုတ်လုပ်နိုင်စွမ်းရှိသည်။ ထိုစက်ရုံ အခုအခါမှာ အစိုးရထိမ်းချုပ်မှုအောက်သို့ ရောက်ရှိနေပြီး၊ MTA လုပ်မိုင်း ၂၀၀၀ ကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် မေလ(၇)ရက်က မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် စစ်ရေးသုတေသီနှင့် သတင်းထောက်ဖြစ်သူ William Ashton တို့စာရေးဆက်သွယ်ချက်။ Ashton ၏ကွင်းဆင်းလေ့လာမှုမှတ်တမ်း၊ နိုဝင်ဘာ–ဒီဇင်ဘာ ၁၉၉၉ခုနှစ်။

[၂၈] ထိုင်း–မြန်မာနယ်စပ်ရှိ ခရစ်ယန်အသိုင်းအဝိုင်းတွင် တာဝန်ထမ်းဆောင်နေသော အမည်မဖော်ပြလိုသည့် မျိုးချစ်ဟောင်း တဦးက မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ပေးပို့သော ဓါတ်ပုံအထောက်အထားများ။

[၂၉] တိုင်ရင်းသားလက်နက်ကိုင် စစ်သည်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုဝင်ဘာ–ဒီဇင်ဘာ ၁၉၉၉။

ပြခဲ့သကဲ့သို့ တပ်မတော်တပ်ဖွဲ့များက တိုင်းရင်းသားစစ်သည်များကို မိုင်းများထောက်ပံ့ပေးသည်ဟူသော ပြောဆိုချက်များလည်းရှိသည်။[၂၀]

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ သိုလှောင်ထားရှိသော မြေမြှုပ်မိုင်းများမှာ ထောင်ချီရှိကြောင်း၊ အများစုမှာ တိုင်းရင်းသားများကိုယ်တိုင်ထုတ်လုပ်သော မိုင်းများဖြစ်ကြောင်း ကျွမ်းကျင်သူတဦးက ပြောကြားသည်။[၂၁]

## အသုံးပြုမှု–– တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ

အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် (၁၀)ဖွဲ့မှာ မိုင်းအသုံးပြုသော အဖွဲ့များဖြစ်သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် မိုင်းအများဆုံးအသုံးပြုသော အဖွဲ့ဖြစ်ဟန်တူသည်။ ကရင်နီတပ်မတော် (KA) ကနောက်မှ ကပ်၍လိုက်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF)၊ မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး (MDUF)၊ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ (RSO)၊ ရှမ်းပြည်တပ်မတော် (SSA)၊ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာတပ်မတော် (DKBA)၊ ဘုရားသခင်တပ်မတော်နှင့် ချင်းအ မျိုးသားတပ်မတော် (CNA) တို့လည်း မိုင်းများအသုံးပြုသည်ဟု ယုံကြည်ရသည်။[၂၂]

အစိုးရဖက်မှထောင်သောမိုင်းများကဲ့သို့ပင် KNLA၊ KA နှင့် အခြားတပ်ဖွဲ့များမှထောင်သော မိုင်းများသည်လည်း အရပ်သားများအား ထိခိုက်ဒါဏ်ရာရစေမှုများရှိသည်။ မိုင်းစစ်ဆင်ရေးကို အားထားနေဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် လှုပ်ရှားတပ်စခန်းများ၏ စည်ရိုးကိုကာကွယ်ရန်အတွက် ညအချိန်အတွင်း၌ လူကိုထိခိုက်စေသော မိုင်းများနှင့် ကလေမိုးအမျိုးအစား မိုင်းများကို အသုံးပြုကြောင်း ဝန်ခံပြောကြားသည်။ သို့သော် ထိုမိုင်းများကို နေ့အချိန်တွင် ပြန်လည်ဖယ်ရှားပစ်သည်ဟုဆိုသည်။ (အများအားဖြင့် အမေရိကန်လုပ်များဖြစ်သော M-18s အမျိုးအစား) ထိမ်းချုပ်၍ ဖေါက်ခွဲရသော ကလေမိုးမိုင်းကို ချုံခိုတိုက်ခိုက်မှုကဲ့သို့သော တိုက်ပွဲများတွင် အသုံးပြုသည်။[၂၃]

အဓိကအားဖြင့် အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြားပဋိပက္ခတွင် မိုင်းများကို အသုံးများသည်။ တိုင်းရင်းသားအဖွဲ့အချင်းချင်းအကြား စီးပွါးရေးအကျိုးစီးပွါးအတွက်နှင့် နယ်မြေအငြင်းပွါးမှုများကြောင့် ဖြစ်ရသော ပဋိပက္ခများတွင်လည်း မိုင်းများကို အသုံးပြုသည်။

တပ်မတော် တပ်ဖွဲ့များကို နှိမ်နင်းရန် သို့မဟုတ် ဒေသကိုထိမ်းချုပ်ထားရန်လိုသော အထူးသဖြင့် ဖားအံမြို့ အရှေ့မြောက်ဖက်ဒေသများတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ကရင်နီတပ်မတော်တို့သည် မိုင်းထောင်ခြင်းများ ဆက်လက်ပြုလုပ်နေသည်။ ထိုနေရာများတွင် KNLA နှင့် ဒီမိုကရက်တစ် ဗုဒ္ဓဘာသာတပ်မတော်တို့မှ ထောင်ထားသောမိုင်းမှာ အမျာအပြားရှိသည်ဟု ယူဆရသည်။[၂၄]

ဒုက္ခသည်များထွက်ပြေးရာလမ်းကြောင်း၊ KNLA ရိက္ခာသယ်ယူပို့ဆောင်သောလမ်းကြောင်း၊ KNLA ဖြတ်သန်းသွားလာရာ အဓိကလမ်းကြောင်းများနှင့် နယက (စစ်တပ်) စခန်းများအနီးတို့တွင် KNLA မှ မိုင်းထောင်လေ့ရှိကြောင်း စစ်ရေးအကြံပေးဟောင်းတဦးက ထုတ်ဖေါ်ပြောဆိုသည်။ KNLA သည် ၎င်းတို့ထုတ်လုပ်သောမိုင်းနှင့် ဝယ်ယူသော မိုင်းနှစ်မျိုးစလုံးရောစ၍သုံးသည်။[၂၅]

---

[၂၀] မြန်မာနိုင်ငံ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဒီဇင်ဘာ ၁၉၉၉။

[၂၁] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များစစ်ရေးအကြံပေးအရာရှိဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖေဖေါ်ဝါရီလ ၁၉၉၉။

[၂၂] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်တပ်အရာရှိများ၊ ဒုက္ခသည်များ၊ ကယ်ဆယ်ရေးလုပ်သားများ၊ အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံမေးမြန်းခန်းများ။

[၂၃] တိုင်းရင်းသားလက်နက်ကိုင်အရာရှိနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။ ရှမ်းတောင်တန်းတနေရာရှိစခန်း၌ ရှမ်းပြည်တပ်မတော် စစ်ဦးစီးမှူး ဗိုလ်မှူးကြီး ရွတ်ဆစ်၏ သတင်းစာရှင်းလင်းပွဲ၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။

[၂၄] ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ကာကွယ်နိုင်စွမ်းကိုကျော်လွန်၍– ဖားအံအရှေ့တောင်ဖက်ရှိ ကရင်ကျေးရွာများအား ချေမှုဖျက်ဆီးပစ်ခြင်း"၊ ဒီဇင်လာလ (၂၀)ရက်နေ့၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၂၂– ၂၇။

[၂၅] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံသို့ ပေးပို့သော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ စစ်ရေးအကြံပေးတဦး၏စာ၊ နိုဝင်ဘာလ (၁၁)ရက်၊ ၁၉၉၉ခုနှစ်။

၂၀၀၀ပြည့်နှစ် ဇန်နဝါရီလအတွင်း ၎င်းတို့ထုတ်ပြန်သော ကြေညာချက်များအရ ရေးမြို့နှင့်မျက်နှာချင်းဆိုင်ဘက် ထိုင်းမြန်မာနယ်စပ်တလျှောက် လှုပ်ရှားရာနယ်မြေများတွင် ဘုရားသခင်တပ်မတော်က မိုင်းများ ထောင်ထားသည်ဟု သိရသည်။[၃၆]

လူကိုထိခိုက်စေသောမိုင်းများအသုံးချမှုလျော့ချမည်ဟု အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တခုက ပြောထားသည်။ "ထိုမိုင်းများ ထုတ်လုပ်မှု၊ သိုလှောင်ထားမှုနှင့် အသုံးပြုမှုများကို ဆန့်ကျင်ကြောင်း" ၂၀၀၀ပြည့်နှစ် မတ်လအတွင်း SSA က ကြေညာချက်ထုတ်ပြန်ထားသည်။[၃၇] ၁၉၉၉ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ပြန်သော သတင်းထုတ်ပြန်ချက် တခုတွင် ရှမ်းရွာသားများအတွက် အန္တရာယ်ရှိသဖြင့် ၎င်းတို့တွင် မိုင်းအသုံးပြုသော ထိုးစစ်ဆင်ရေးများ မလုပ်ရေး ပေါ်လစီ ချမှတ်ထားကြောင်း ဖော်ပြသည်။[၃၈]

KA ကရင်နီတပ်မတော်အနေဖြင့် မိုင်းအသုံးမပြုရေးဆုံးဖြတ်ချက်ကို စွန့်လွှတ်လိုက်ကြောင်း ကောဋ္ဌာဟာလ သတင်းများ ထွက်ပေါ်နေသည်။ RSO ၏ရိုဟင်ဂျာတပ်မတော်နှင့် ချင်းအမျိုးသားတပ်မတော်တို့က ၎င်းတို့အနေဖြင့် ပျောက်ဆုံးမှုမရှိသောမိုင်းထောင်စနစ်ကိုသာ အသုံးပြုသည်ဟုဆိုသည်။ ထိမ်းချုပ်၍ ပေါက်ကွဲစေသော မိုင်းများကို အသုံးပြုသည်ဟု ဝန်ခံသည်။[၃၉] တပ်မတော် အရာရှိများနှင့် စစ်သည်ဟောင်းများဖြင့် ဖွဲ့စည်း၍ ကရင်ပြည်နယ်အောက်ပိုင်း၌ လှုပ်ရှားနေသော ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) အနေဖြင့် လှုပ်ရှား စခန်းများစည်းရုံးကားကွယ်ရေးအတွက် လူကိုထိခိုက်စေသောမိုင်းများ ညအချိန်တွင်အသုံးပြုကြောင်း ဝန်ခံသည်။[၄၀]

| နိုင်ငံရေးအဖွဲ့အစည်း | လက်နက်ကိုင်အဖွဲ့ | အပစ်အခတ်ရပ်စဲ | AP မိုင်း* အသုံးပြုမှု | ထုတ်လုပ်မှု | သိုလှောင်မှု | နယ်မြေတွင် မိုင်းရှိ/မရှိ |
|---|---|---|---|---|---|---|
| ရခိုင်ပြည်နယ် | | | | | | |
| ၁၊ ရခိုင်လတ်မြောက်ရေးပါတီ | ရခိုင်လွတ်မြောက်ရေးတပ်မတော် | မရပ်စဲ | ? | ? | ? | မိုင်းရှိ |
| ၂၊ ရခိုင်နယ်မြေတပ်မတော်(NUPA) | ရခိုင်တပ်မတော် | မရပ်စဲ | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | မိုင်းရှိ |
| ၂၉၊ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ | ရိုဟင်ဂျာတပ်မတော် | မရပ်စဲ | အသုံးပြု | ? | သိုလှောင်ထား | မိုင်းရှိ |
| ၃၊ ရခိုင်ဒီမိုကရက်တစ်ပါတီ (NUFA) | ရခိုင်ပြည်သူ့တပ်မတော် | မရပ်စဲ | ? | ? | ? | မိုင်းရှိ |
| ၄၊ ရခိုင်ရိုဟင်ဂျာအမျိုးသားအဖွဲ့အစည်း | ရိုဟင်ဂျာအမျိုးသားတပ်မတော် | မရပ်စဲ | ထိမ်းချုပ်ပေါက်ခွဲမိုင်း | မထုတ်လုပ် | သိုလှောင်ထား | မိုင်းရှိ |
| ချင်းပြည်နယ် | | | | | | |
| ၅၊ ချင်းအမျိုးသားတပ်ဦး | ချင်းအမျိုးသားတပ်မတော် | မရပ်စဲ | ထိမ်းချုပ်ပေါက်ခွဲမိုင်း | မထုတ်လုပ်ဟုပြော | သိုလှောင်ထား | မိုင်းရှိ |
| ကချင်ပြည်နယ် | | | | | | |
| ၈၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ | ကချင်လွတ်လပ်ရေးတပ်မတော် | ရပ်စထား | ယခုမသုံးတော့ပါ | ယခင်ကထုတ်လုပ် | ဖြစ်နိုင်ချေရှိ | မိုင်းရှိ |
| ၉၊ ယခင် ကချင် | ကချင်ဒီမိုကရက်တစ် | ရပ်စဲထား | ? | ? | ? | မိုင်းရှိ |

[၃၆] ဘုရားသခင်တပ်မတော်၏ အရေးပေါ်ထုတ်ပြန်ကြေညာချက်၊ ရက်စွဲဖော်ပြထားခြင်းမရှိ၊ ထိုထုတ်ပြန်ချက် မိတ္တူတစောင်ကို မြေမြှုပ် မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ဖေဖော်ဝါရီလ ၂၀၀၀ ပြည့်နှစ်တွင် ပေးပို့ခဲ့သည်။

[၃၇] RCSS အမြဲတမ်းအလုပ်အမှုဆောင်ကော်မတီနှင့် ရှမ်းပြည်တပ်မတော် တို့ပူးတွဲထုတ်ပြန်သည့် လူကိုထိခိုက်စေသောမိုင်းများနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်၊ ရက်စွဲဖော်ပြထားခြင်းမရှိ၊ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးသုတေသီက ထိုသဘောထားကြေညာချက်ကို အီလက်ထရွန်းနစ်စာပို့စနစ် (e-mail)မှတဆင့်ရရှိသည်။ ထိုထုတ်ပြန်ချက်ကို ICBL မှ ဧပြီလ(၃) ရက်နေ့ ၂၀၀၀ ပြည့်နှစ်တွင် ဖြန့်ဝေသည်။

[၃၈] ရှမ်းတောင်တန်းတနေရာ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၊ ၁၉၉၉ခုနှစ် ဒီဇင်ဘာလ။

[၃၉] တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဇွန်လ ၁၉၉၉ခုနှစ်။

[၄၀] PDF အရာရှိများနှင့် တွေ့ဆုံမေးမြန်းခန်း၊ စံခလဘူရီ၊ ထိုင်းနိုင်ငံ။ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။

| | | | | | | |
|---|---|---|---|---|---|---|
| တပ်မဟာ (၄) | တပ်မတော် | | | | | |
| ၁၃၊ ယခင် CPB ၁၀၁ | ဒီမိုကရေစီတပ်မတော် | ရပ်စဲထား | ? | ? | ? | မိုင်းရှိ |

ရှမ်းပြည်နယ်

| | | | | | | |
|---|---|---|---|---|---|---|
| ၂၆၊ ရှမ်းပြည်ပြန်လည်တည်ဆောက်ရေးကောင်စီ ** | ရှမ်းပြည်တပ်မတော် | တဝက်တပျက်ရပ်စဲထား | ထိမ်းချုပ်ဖေါက်ခွဲမိုင်း | မထုတ်လုပ်ဟုပြော | သိုလှောင်ထား | မိုင်းရှိ |
| ၁၀၊ ဝ–သွေးစည်းညီညွတ်ရေးအဖွဲ့ | ဝ–ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် | ရပ်စဲထား | ဖြစ်နိုင်ချေရှိ | ယခင်က ထုတ်လုပ် | ? | မိုင်းရှိ |
| ၁၁၊ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ | ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ | ရပ်စဲထား | ? | ? | ? | မိုင်းရှိ |
| ၁၂၊ ပလောင်ပြည်သူ့လွတ်မြာက်ရေးအဖွဲ့ | ပလောင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် | ရပ်စဲထား | ? | ? | ? | မိုင်းရှိ |
| ၁၄၊ ဝ–အမျိုးသားအဖွဲ့အစည်း | ဝ–အမျိုးသားတပ်မတော် | မရပ်စဲ | ? | ? | ? | မိုင်းရှိ |
| ၁၅၊ ယခင် CPB ၈၁၅ | အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် | ရပ်စဲထား | ? | ? | ? | မိုင်းရှိ |

ကရင်နီပြည်နယ်

| | | | | | | |
|---|---|---|---|---|---|---|
| ၁၆၊ (ယခင် CPB မဟာမိတ်များ) | ကရင်နီအမျိုးသားပြည် သူ့လွတ်မြောက်ရေးတပ်ဖွဲ့များ | ရပ်စဲထား | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | မိုင်းရှိ |
| ၁၇၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | ကရင်နီတပ်မတော် | သဘောတူညီချက်ပျက်ပြား | အသုံးပြု | ထုတ်လုပ် | ဖြစ်နိုင်ချေရှိ | မိုင်းရှိ |
| ၁၈၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်တပ်ဦး | ကရင်နီအမျိုးသားဒီမိုကရက်တစ်တပ်မတော် | ရပ်စဲထား | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | မိုင်းရှိ |

ကရင်ပြည်နယ်

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၊ ကရင်အမျိုးသားအစည်းအရုံး | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် | မရပ်စဲ | အသုံးပြု | ထုတ်လုပ် | သိုလှောင်ထား | မိုင်းရှိ |
| ၂၀၊ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်အဖွဲ့ | ဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်တပ်မတော် | မရပ်စဲ | ထုတ်လုပ် | ဖြစ်နိုင်ချေရှိ | သိုလှောင်ထား | မိုင်းရှိ |
| ၂၁၊မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး | မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုက ရက်တစ်တပ်ဦး | မရပ်စဲ | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | သိုလှောင်ထား | |
| ၂၂၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူဆလင်အစည်းအရုံး | မြန်မာနိုင်ငံလုံးဆိုင်ရာမူ ဆလင်အစည်းအရုံး | မရပ်စဲ | ? | ? | ? | မိုင်းရှိ |
| ၂၇၊ ပြည်သူ့ကာကွယ်ရေးတပ် | ပြည်သူ့ကာကွယ်ရေးတပ် | မရပ်စဲ | ထိမ်းချုပ်ဖေါက်ခွဲမိုင်း | မထုတ်လုပ်ဟုပြော | သိုလှောင်ထား | မိုင်းရှိ |
| ၂၃၊ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး | ပြည်သူ့လွတ်မြောက်ရေးတပ်ဦး | မရပ်စဲ | ? | ? | ? | မိုင်းရှိ |

မွန်ပြည်နယ်

| | | | | | | |
|---|---|---|---|---|---|---|
| ၂၄၊ မွန်ပြည်သစ်ပါတီ | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် | ရပ်စဲထား | ယခင်က အသုံးပြု | ယခင်က ထုတ်လုပ် | သိုလှောင်ထား | မိုင်းရှိ |

ပဲခူးတိုင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၊ ကရင်အမျိုးသား | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် | မရပ်စဲ | အသုံးပြု | ထုတ်လုပ် | သိုလှောင်ထား | မိုင်းရှိ |

စစ်ကိုင်းတိုင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၆၊ ကူကီးအမျိုးသား တပ်ဦး | ကူကီးအမျိုးသားတပ် မတော် | မရပ်စဲ | ? | ? | ? | ရှိနိုင်ချေရှိ |
| ၇၊ နာဂအမျိုးသားဆို ရှယ်လစ်ကောင်စီ (ခပ်ပလောင်) | နာဂအမျိုးသားဆိုရှယ် လစ်ကောင်စီ | ? | ? | ဖြစ်နိုင်ချေရှိ | ဖြစ်နိုင်ချေရှိ | ရှိနိုင်ချေရှိ |
| ၁၀၊ ဇိုမီးအမျိုးသား တပ်ဦး | ဇိုမီးအမျိုးသားတပ် မတော် | မရပ်စဲ | ? | ? | ? | ရှိနိုင်ချေရှိ |

တနင်္သာရီတိုင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၂၅၊ မြိတ်ထားဝယ်ညီ ညွတ်ရေးတပ်ဦး | မြိတ်ထားဝယ်ညီညွတ် ရေးတပ်ဦး | မရပ်စဲ | ထိမ်းချုပ် ဖေါက်ခွဲမိုင်း | ? | သိုလှောင် ထား | မိုင်းရှိ |
| ၁၉၊ ကရင်အမျိုးသား အစည်းအရုံး | ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော် | မရပ်စဲ | အသုံးပြု | ထုတ်လုပ် | သိုလှောင် ထား | မိုင်းရှိ |
| ၂၁၊မြန်မာနိုင်ငံလုံးဆိုင် ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုက ရက်တစ်တပ်ဦး | မရပ်စဲ | ထိမ်းချုပ် ဖေါက်ခွဲမိုင်း | ထုတ်လုပ် | သိုလှောင် ထား | |
| ၂၈၊ (KNU ခွဲထွက် အဖွဲ့) | ဘုရားသခင်တပ် မတော် | မရပ်စဲ | အသုံးပြု | ? | သိုလှောင် ထား | မိုင်းရှိ |

* AP မိုင်း – လူကိုထိခိုက်စေသောမိုင်း

** SURA၊ ယခင် MTA တို့နှင့် မဟာမိတ်

မှတ်ချက်

*အပစ်အခတ်ရပ်စဲ* – နဝတ သို့မဟုတ် နယကနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ညှိနှိုင်းခဲ့သည်။
*လူကိုထိခိုက်သောမိုင်းအသုံးပြုမှု* – ခံစစ်အတွက်ဖြစ်စေ၊ တိုက်စစ်အတွက်ဖြစ်စေ လက်ရှိအခြေအနေတွင် မိုင်းစစ်ဆင် ရေးကို အသုံးပြုခြင်း။
*ထုတ်လုပ်* – လူကိုထိခိုက်စေသောမိုင်း၏ အင်္ဂါရပ်နှင့် ပြည့်စုံသည့်၊ သို့မဟုတ် လူကိုထိခိုက်စေသော မိုင်းများထုတ်လုပ် နိုင်သော အခြားလက်နက်များအဖြစ် ပြောင်းလဲနိုင်သည့် ပေါက်ကွဲစေနိုင်သော ကရိယာတန်ဆာများ (IEDs) ထုတ်လုပ် ခြင်း။
*သိုလှောင်မှု* – စစ်ဆင်ရေးတွင်အသုံးပြုရန်အတွက် မိုင်းများ သို့မဟုတ် မိုင်းအစိတ်အပိုင်းများအား သိုလှောင်ထားခြင်း။
*နယ်မြေအတွင်းမိုင်းရှိမရှိ* – ၎င်းတို့လှုပ်ရှားရာတိုင်း သို့မဟုတ် ပြည်နယ်များအတွင်း မြေကြီးအောက်၌ ၎င်းတို့ကိုယ်တိုင် သော်လည်းကောင်း၊ ၎င်းတို့၏မဟာမိတ်များကသော်လည်းကောင်း၊ ရန်သူများကသော်လည်းကောင်း မိုင်းထောင် ထား ခြင်း။
မိမိတို့ကိုယ်ကို မိမိတို့ လက်နက်ကိုင်တပ်အဖွဲ့များဟု ပြောသော အဖွဲ့တချို့ရှိသည်။ ထိုအဖွဲ့များသည် လက်တလောအ ခြေအနေတွင် စစ်ရေးအရ လှုပ်ရှားနိုင်မှုမရှိသဖြင့် ဤစာရင်းတွင်ဖေါ်ပြထားခြင်းမရှိပါ။
လက်နက်ကိုင်တပ်ဖွဲ့မရှိသော တော်လှန်ရေးနိုင်ငံရေးအဖွဲ့များအား ဖေါ်ပြထားခြင်းမရှိပါ။
တချို့သော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှာ အစစ်အမှန်နိုင်ငံရေးလှုပ်ရှားမှုထက်မိမိတို့အကျိုးအတွက် မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်နေကြသည်။ (နံပတ် ၁၀၊ ၁၃၊ ၁၅)။ လက်နက်ကိုင်အဖွဲ့တချို့မှာ သေးငယ်သောအဖွဲ့များဖြစ်၍ အခြားသော လက်နက်ကိုင်အဖွဲ့များနှင့် မဟာမိတ်ပြု ပူးပေါင်း၍သာ လှုပ်ရှားနိုင်သည်။ (နံပတ် ၂၂၊ ၂၃)။

## မြေမြှုပ်မိုင်း ပြဿနာ

မြန်မာနိုင်ငံက ပြည်နယ်နှင့်တိုင်း(၁၄)ခုအနက် (၁၀)ခုမှာ မိုင်းများထောင်ထားသော နယ်မြေများဖြစ်သည်။ ထိုအထဲတွင် မြန်မာပြည်အရှေ့ပိုင်းဒေသများမှာ မိုင်းအထူထပ်ဆုံးဖြစ်သည်။ ကရင်ပြည်နယ် ကရင်နီပြည်နယ်နှင့် တနင်္သာရီတိုင်းများအတွင်း မိုင်းအများအပြားတွေ့ရသည်။ ရခိုင်ပြည်နယ်ရှိ အနောက်မြောက် တောင်တန်းဒေသများနှင့် ချင်းပြည်နယ်ရှိ အနောက်ဖက် နယ်စပ်ဒေသတချို့တွင်လည်း မိုင်းများကို တွေ့ရသည်။ ကချင်ပြည်နယ်တွင်လည်း မိုင်းများရှိကြောင်း သတင်းများရရှိသည်။

မြန်မာနှင့် ထိုင်းနယ်စပ်ဒေသ နေရာအများစုတွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်။ နတ်မြစ်ကြောင်း နယ်စပ်မိုင်အနည်းငယ်အကွာမှစ၍ အိန္ဒိယနှင့် သုံးပွင့်ဆိုင် နယ်စပ်ရိုးအထိ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်လျှောက်လုံး၌ မိုင်းကွင်းများရှိနေသည်မှာ ထင်ရှားသည်။ နယ်စပ်စခန်း ၃၁ မှစ၍ အိန္ဒိယ နစ်စပ်အထိ မြေမြှုပ်မိုင်းများ တွေ့နိုင်သည်ဟု တွေ့ဆုံမေးမြန်းမှုပြုလုပ်စဉ် အရာရှိတဦးက ထုတ်ဖော်ပြောဆိုသည်။[၄၁] ၁၉၉၁နှင့် ၁၉၉၂ခုနှစ်တွင် ရိုဟင်ဂျာပြည်သူ ၂သိန်း ခွဲခန့် အုပ်စုလိုက် ထွက်ခွါသွားကြပြီးနောက် ထိုမိုင်းများကို ၁၉၉၃ခုနှစ်တွင် ထောင်ထားခဲ့ခြင်းဖြစ်သည်။[၄၂] တရုတ်နှင့် အိန္ဒိယ နယ်စပ်ရှိ ခေါင်သီသော နေရာများတွင်လည်း မိုင်းများ ရှိသည်။

မြန်မာနိုင်ငံတွင်ထောင်ထားသောမိုင်းများ သို့မဟုတ် မိုင်းထောင်ထားသောမြေပမာဏတွက်ချက်နိုင်ရန်ယုံကြည်စိတ်ချနိုင်သော ခန့်မှန်းတွက်ချက်မှုများ မရှိပေ။

## မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ် သတိမူမှု

လူသားခြင်းစာနာသည့်အနေဖြင့် မိုင်းရှင်းလင်းရေးလုပ်ဆောင်မှုမျိုး မြန်မာနိုင်ငံတွင် မရှိချေ။ တချို့တိုင်းရင်းသားအဖွဲ့များက ၎င်းတို့နယ်မြေတွင်ရှိသော မိုင်းများကို ဖယ်ရှားပစ်ခဲ့သည်။

မိုင်းဒါဏ်ခံရသူများ၏လိုအပ်ချက်ကို လေ့လာတွက်ချက်ခြင်း သို့မဟုတ် မြေမြှုပ်မိုင်းအန္တရာယ် သတိမူတတ်လာအောင် လှုံ့ဆော်စည်းရုံးရေးလုပ်ငန်းများ လုပ်ရန် စဉ်းစားချက်မရှိကြောင်း မြန်မာကြက်ခြေနီအဖွဲ့က ထုတ်ဖော်ပြောဆိုပြီးဖြစ်သည်။ အစိုးရက လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးဖြစ်၍ မိုင်းပြဿနာမှာ ပျောက်ကွယ်သွားလိမ့်မည်ဟုယုံကြည်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ရှားပါးလှသော အရင်းအမြစ်များကို ဤကိစ္စအတွက် မသုံးသင့်ကြောင်း မြန်မာကြက်ခြေနီအဖွဲ့တဖွဲ့က ယုံကြည်ထားသည်။[၄၃]

## ရက်စက်သောမိုင်းရှင်းနည်း

ထိုင်းမြန်မာနယ်စပ်ရှိ ပဋိပက္ခဖြစ်နေသောနယ်မြေများတွင် စစ်ဆင်ရေးလုပ်နေသော တပ်မတော် တပ်ဖွဲ့များသည် မိုင်းရှိသည်ဟု ယူဆရသော နယ်မြေများတွင် ဒေသခံပြည်သူများကို စစ်သားများရှေ့မှနေ၍ အကြပ်ကိုင်ကာ ဖြတ်လျှောက်ခိုင်းနေကြောင်း စွပ်စွဲချက်မှုများ အကြိမ်ကြိမ်ရှိခဲ့ပြီးဖြစ်သည်။ ၎င်းလုပ်ရပ်မှာ အရုပ်ဆိုး အကျဉ်းတန်းလှပေသည်။[၄၄] ထိုလူသားမိုင်းရှင်းကရိယာအဖြစ် အသုံးပြုသောနည်းကို ၁၉၉၉ခုနှစ်နှောင်းပိုင်းနှင့် ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ကရင်ပြည်နယ် ဒူးပလားခရိုင်အတွင်း၊[၄၅] ကရင်ပြည်နယ်မြို့တော် ဖားအံ၏တောင်ဖက်တွင်ရှိဒေသများ၊[၄၆] ရှမ်းပြည်နယ် တာချီလိတ်မြို့အနီးတဝိုက် ရှမ်းပြည်တပ်မတော်စခန်းများကို ချေမှုန်းတိုက်ခိုက်စဉ်[၄၇] နှင့် တနင်္သာရီတိုင်းအတွင်းရှိ ဘုရား

[၄၁] (ဘင်္ဂလာဒေးဒေ့ရှ်လက်နက်ကိုင်တပ် (နယ်ခြားစောင့်အဖွဲ့) တပ်မှူးတဦးနှင့် တွေ့ဆုံမေးမြန်းခန်း၊ စစ်တကောင်း၊ နိုဝင်ဘာလ(၃၀) ရက်၊ ၁၉၉၉ခုနှစ်။

[၄၂] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့များ သမဂ္ဂ (International Federation of Human Rights Leagues (FIDH)၊ "မြန် မာနိုင်ငံ– ရခိုင်ပြည်နယ်အတွင်း ဖိနှိပ်ခြင်း၊ လူမျိုးခွဲခြားဆက်ဆံခြင်းနှင့် တိုင်းရင်းသားလူမျိုး သုတ်သင်ရှင်းလင်းခြင်း"၊ အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (International Missionof Inquiry) အစီရင်ခံစာ၊ ဧပြီလ ၂၀၀၀ပြည့်နှစ်၊ စာမျက်နှာ ၂၄။

[၄၃] မြန်မာကြက်ခြေနီအဖွဲ့ဥက္ကဌ ဒေါက်တာကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ အောက်တိုဘာလ၊ ၁၉၉၉ခုနှစ်။

[၄၄] အသေးစိတ်အစီရင်ခံချက်များကို *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၁၉၉၉ခုနှစ်အစီရင်ခံစာ*တွင် တွေ့နိုင်သည်၊ စာမျက်နှာ ၄၅၂ တွင်ရှု။

[၄၅] ကရင်လူ့အခွင့်အရေးအဖွဲ့၊ ဒူးပလားခရိုင်အတွင်း ရွာသားများအား ခြိမ်းခြောက်ခြင်း၊ အတင်းအကြပ်ရွှေ့ပြောင်းခြင်း၊ သတ်ဖြတ်ခြင်းနှင့် စနစ်တကျ ညှင်းပန်းနှိပ်စက်ခြင်း၊ မတ်လ ၂၀၀၀ပြည့်နှစ်၊ စာမျက်နှာ ၃၄။ Williams Barnes၊ "စစ်တပ်က လူသားမိုင်းရှင်းကရိယာအဖြစ်အသုံးချခြင်းမှ ကရင်ရွာသားများ ထွက်ပြေးလွတ်မြောက်လာခြင်း"၊ *South China Morning Post*၊ စက်တင်ဘာလ (၂) ရက်နေ့၊ ၁၉၉၉ခုနှစ်။

[၄၆] ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ကာကွယ်နိုင်စွမ်းကို ကျော်လွန်၍– ဖါးအံအရှေ့တောင်ဖက်ရှိ ကရင်ကျေးရွာများအား ချေမှုဖျက်ဆီးပစ်ခြင်း"၊ ဒီဇင်လာလ (၂၀)ရက်နေ့၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၂၂– ၂၇။

[၄၇] ရှမ်းလူ့အခွင့်အရေးအဖွဲ့၊ လစဉ်အစီရင်ခံစာ ဇန်နဝါရီလ ၂၀၀၀ပြည့်နှစ်။ စာမျက်နှာ ၁၊ ၄။

သခင် တပ်မတော်စခန်းကို စစ်ဆင်ရေးကာလများ[၄၈]အတွင်း အသုံးပြုခဲ့သေးကြောင်း သတင်းများရရှိသည်။ ၁၉၉၈နှင့် ၁၉၉၉ခုနှစ်တွင်း ဒိန်းမတ် ဆရာဝန်များ မြန်မာဒုက္ခသည်များကို တွေ့ဆုံမေးမြန်းစဉ် လူသားမိုင်းရှင်းကရိယာအဖြစ် အသုံးပြုမှုနှင့် ပတ်သက်သော အချက်အလက်များစွာ ရရှိခဲ့သည်။[၄၉]

## မြေမြှုပ်မိုင်းထိခိုက်ဒါဏ်ရာရမှုများ

မြန်မာပြည်ပဋိပက္ခများကြောင့် ၁၉၉၉ခုနှစ် တနှစ်တည်းအတွင်း မြေမြှုပ်မိုင်း ထိခိုက်ဒါဏ်ရာရမှု စုစုပေါင်း ၁၅၀၀ ခန့် ဖြစ်ပွါးခဲ့သည်ဟု မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ခန့်မှန်းရသည်။[၅၀] ဤခန့်မှန်းတွက်ချက်မှုကို တနေ့လျှင် မိုင်းပေါက်ကွဲအခင်းဖြစ်ပွါးမှုတခုရှိသော ကရင်ပြည်နယ်၏ ၁၉၉၈ခုနှစ် ကိန်းဂဏန်းများအပေါ်မူတည်၍ တွက်ချက်ခြင်း ဖြစ်သည်။ ထို့အပြင် ကိန်းဂဏန်းများကို ရန်ကုန်ရှိ အမျိုးသား ပြန်လည်ပြုစုပျိုးထောင်ရေးဌာနနှင့် ထိုင်းနယ်စပ်ရှိ အပြည်ပြည် ဆိုင်ရာ မသန်မစွမ်းသူများအသင်းနှင့် (များမကြာသေးမီကာလအထိ) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ စစ်တပ်သို့ ပေးလှူခဲ့သော ခွဲ့ရာကိုယ်အတု အစိတ်အပိုင်းအရေအတွက် တို့အပေါ်တွင်လည်း မူတည်တွက်ချက်သည်။ စစ်သားများထိ ခိုက်မှု နှစ်ခုလျှင် အရပ်သားထိခိုက်မှု တခုတွဲပါနေသည်ဟု ခန့်မှန်းရသည်။ အဘယ်ကြောင့်ဆိုသော် အရပ်သားများအား အတင်းအဓမ္မပြောင်းရွှေ့ရန် သို့မဟုတ် အရပ်သားများ စွန့်ခွါသွားသာစေရန် လိုအပ်သောနေရာများတွင် ခြိမ်းခြောက် သည့်အနေဖြင့် မိုင်းများကို အသုံးပြုခြင်းကြောင့်ဖြစ်သည်။ ထိုအထဲမှ မိုင်းဝေဒနာခံစားရသူ (၃၀)ရာနှုန်းလောက်မှာ မည် သည့်ဆေးဝါးကုသမှုမျိုးမှ မရရှိမီ သေဆုံးသွားသည်။

၁၉၉၄ခုနှစ်ကထုတ်ပြန်သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌မိုင်းကြောင့်ထိ ခိုက်ဒါဏ်ရာရသူ တနှစ်လျှင် ၁၅၀၀ ခန့်ရှိသည်ဟုခန့်မှန်းထားသည်။[၅၁] ထို့ကြောင့် မြန်မာနိုင်ငံ၌ မိုင်းထိခိုက်ဒါဏ်ရာရမှုမှာ အလွန်မြင့်မားသော ပမာဏတခုတွင် နှစ်ပေါင်းများစွာ တန့်နေခဲ့သည်ဟု ဆိုရပေမည်။

ဒိန်းမတ်ဆရာဝန်အဖွဲ့တဖွဲ့က ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းမှ ဒုက္ခသည် ၁၂၀ကို ၁၉၉၈ခုနှစ်နှင့် ၁၉၉၉ ခု နှစ်များအတွင်း တွေ့ဆုံမေးမြန်းရာတွင် (၃၀)ရာနှုန်းခန့်သော ဒုက္ခသည်များမှာ မိုင်းဒါဏ်ခံစားရသူ တဦးကို သိသူများဖြစ် ကြောင်းတွေ့ရှိရသည်။ ထိုဒုက္ခသည်များသိရှိသော မိုင်းဒါဏ်ခံစားရသူ(၄၀)ရာနှုန်းခန့်မှာ ထိုသို့သိရှိသူ၏ မိသားစုအဖွဲ့ဝင် များထဲမှ ဖြစ်သည်။ အသက်အားဖြင့် (၈)နှစ်မှ (၅၅)နှစ်အကြားရှိသူများဖြစ်ပြီး၊ (၉၀)ရာနှုန်းမှာ ယောကျ်ားများဖြစ်သည်။ ထိုအထဲမှ(၃၀)ရာနှုန်းခန့်မှာ မိုင်းဒါဏ်ရာကြောင့် သေဆုံးသွားကြသည်။ မိုင်းဒါဏ်ခံစားရပြီး အသက်ရှင် နေသူများအနက်မှ (၈၇)ရာနှုန်းမှာ ခြေလက် ဆုံးရှုံးနေသူများဖြစ်သည်။ မိုင်းထိခိုက်ဒါဏ်ရာရမှု တဝက်ခန့်မှာ အလုပ်ခွင်တွင်ဖြစ်ပြီး အခြားတ ဝက်ခန့်မှာ စစ်တပ်ပေါ်တာအဖြစ် လိုက်ပါရခြင်း သို့မဟုတ် မိုင်းကွင်းများပေါ်တွင် (လူသားမိုင်းရှင်းကရိယာ အနေဖြင့်) အ တင်းအကြပ် ဖြတ်လျှောက်ခိုင်းခံရခြင်းများကြောင့် ဖြစ်သည်။[၅၂]

---

[၄၈] မြန်မာနိုင်ငံ တနင်္သာရီတိုင်းမှ ထွက်ပြေးလွတ်မြောက်လာပြီး နယ်စပ် ဒုက္ခသည်စခန်းတွင်နေထိုင်နေသော ဒုက္ခသည်များနှင့် တွေ့ ဆုံမေးမြန်းခန်း၊ ဧပြီလ (၁၇)ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၄၉] Hans Draminsky Peterson , et. al., မြန်မာဒုက္ခသည်များ ဆေးစစ်ဆေးမှုမှတ်တမ်း၊ *ဒိန်းမတ် ဆေးစာစောင်*၊ အတွဲ (၄၅)၊ အမှတ်စဉ်(၃)၊ ဇွန်လ(၃)ရက် ၁၉၉၈ခုနှစ်၊ စာမျက်နှာ ၃၁၃–၃၁၆။ Hans Draminsky Peterson, et.al., "မြန်မာနိုင်ငံမှ လူ့အ ခွင့်အရေးချိုးဖေါက်မှုများ၊ ၁၉၉၈–၁၉၉၉"၊ ၁၉၉၉ခုနှစ် ဒီဇင်ဘာလအတွင်းဆောင်ရွက်ခဲ့သော ကွင်းဆင်းလေ့လာရေးအဖွဲ့ အစီရင်ခံ စာ၊ ဒိန်းမတ်ဆေးပညာရှင်များသင်း၊ ဒိန်းမတ် ခရစ်ယန်ကယ်ဆယ်ရေးအသင်းနှင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဒိန်း မတ်)၊ မတ်လ(၁၄)ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၅၀] ဖါးအံခရိုင်အတွင်းရှိ မြို့နယ်ဆေးဝန်ထမ်းတဦးထံမှရရှိသော မှတ်တမ်းအရ ၁၁၉၈ ဦးရှိသည်ဟုသိရသည်။

[၅၁] အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ "လူမသိသော လူသတ်သမားများ"၊ တကမ္ဘာလုံးဆိုင်ရာ မြေမြှုပ်မိုင်းပြဿနာ၊ ဒီဇင်ဘာလ ၁၉၉၄ခုနှစ်၊ စာမျက်နှာ ၁၈။

[၅၂] Hans Draminsky Peterson, et.al., "မြန်မာနိုင်ငံမှလူ့အခွင့်အရေးချိုးဖေါက်မှုများ၊ ၁၉၉၈–၁၉၉၉"၊ ၁၉၉၉ခုနှစ် ဒီဇင်ဘာလ အတွင်းဆောင်ရွက်ခဲ့သော ကွင်းဆင်းလေ့လာရေးအဖွဲ့ အစီရင်ခံစာ၊ ဒိန်းမတ်ဆေးပညာရှင်များသင်း၊ ဒိန်းမတ် ခရစ်ယန်ကယ်ဆယ် ရေးအသင်းနှင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဒိန်းမတ်)၊ မတ်လ(၁၄)ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

တိုင်းပြည်၏ နယ်စပ်သေများတွင် မိုင်းဒါဏ်ခံစားရသူ အများအပြားကို တွေ့မြင်ရသော်လည်း မိုင်းဒါဏ်ခံရသူ မရှိကြောင်းကိုသာ ကာကွယ်ရေးဝန်ကြီးဌာနက ပြောနေသည်။[၅၃] မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းဒါဏ်ခံရပြီး အသက်ရှင်ကျန်ရစ်သူများစာရင်းကို စနစ်တကျ ကောက်ယူနေသော စာရင်းဌာနမရှိပေ။

ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တွင်ဖြစ်ပွါးသော မိုင်းထိခိုက်ဒါဏ်ရာရမှုများအကြောင်းရေးသားထားသည့် သတင်းဆောင်းပါးတပုဒ်တွင် လွန်ခဲ့သော ခြောက်နှစ်တာကာလအတွင်း မိုင်းဒါဏ်ခံရသူ (၁၇၀)ရှိကြောင်း၊ ထိုအထဲမှ(၅၀)မှာ သေဆုံးခဲ့ကြောင်းဖေါ်ပြထားသည်။ ထိုမိုင်းဒါဏ်ခံစားရသူများစာရင်းတွင် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများပါဝင်သည်။[၅၄] ဘင်္ဂလားဒေ့ရှ် လက်နက်ကိုင်တပ်ဖွဲ့မှ ပြုစုထားသော စာရင်းတခုအရ ၁၉၉၉ခုနှစ်ထိ မိုင်းကြောင့်ဖြစ်ရသော သေဆုံးမှု ၁၀၀ ရှိကြောင်းဖေါ်ပြသည်။

မိုင်းဒါဏ်ခံရသော အခြားဝေဒနာရှင်များလည်းရှိသေးသည်။ မိုင်းဒါဏ်ကြောင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ထိုင်းနယ်စပ်တို့တွင် ဆင်အကောင်(၂၀)ထက်မနည်း သေဆုံးပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ဆင်များ ကျင်လည်ကျက်စားရာလမ်းကြောင်းများ ပြောင်းလဲကုန်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများပိုင် စိုက်ပျိုးမြေဧရိယာများအနီး ယခင်ကမရှိဘူးသောပြသနာများရှိလာသည်။[၅၅] ထိုင်းမြန်မာနယ်စပ်တွင်ထောင်ထားသော မိုင်းဗုံးပေါ်တွင် တက်နင်းမိသော ဆင်မတကောင်အကြောင်း ယခုနှစ်သတင်းများတွင် နေရာယူခဲ့သည်။ ထိုဆင်မသည် အသက်မသေပဲ ခြေတုတပ်ဆင်ပေးနိုင်ခဲ့သည်။[၅၆] ဒေသအတွင်း၌ တိရစ္ဆာန်မှောင်ခိုဈေးကွက်ကြီးရှိသည်။ ကုန်သည်များ တိရိစ္ဆာန်များနှင့် နယ်စပ်ဖြတ်ကျော်စဉ် တိရစ္ဆာန်အများအပြား မိုင်းထိ၍ သေဆုံးကုန်ကြသည်။ နယ်စပ်တလျှောက်တွင်နေထိုင်သောရွာသားများ မိုင်းဒါဏ်ကြောင့် တိရစ္ဆာန်များ ဆုံးရှုံးကြရသည်။[၅၇]

## အသက်မသေ ကျန်ရစ်သူများအတွက် အကူအညီ

မြေမြှုပ်မိုင်းကြောင့် ဒါဏ်ရာရရှိသူ (၅၀)ရာနှုန်းခန့်မှာ ဆေးဝါးကုသမှုမရရှိမှီ သေဆုံးသည်ဟု ဆေးမှူးများက ထင်မြင်ချက်ပေးသည်။ ထိုကိန်းဂဏန်းမှာ အပြောင်းအလဲမရှိမှန်ကန်နေသေးသည်ဟု ကရင်ပြည်နယ်အတွင်းက အခြေအနေများကို အနီးကပ်လေ့လာနေသူတဦးကလည်း ယုံကြည်သည်။[၅၈] ရှေးဦးပြုစုမှုခံယူရေးနှင့် ခွဲစိတ်ကုသမှုခံယူရေးမှာ ထိခိုက်ဒါဏ်ရာရသူရှိနေသော အရပ်ဒေသနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာန မည်မျှဝေးကွာနေသနည်း ဆိုသောအချက်နှင့် ထိခိုက်ဒါဏ်ရာရမှုဖြစ်ပွါးသောအချိန်က ထိုနေရာတွင် ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများအပေါ်တွင် မူတည်သည်။ ဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် ထိခိုက်ဒါဏ်ရာရသူများ နာရီပေါင်းများစွာ သို့မဟုတ် ရက်နှင့်ချီ၍ သွားရကြောင်းသိရသည်။ ခွဲစိတ်ကုသမှုမခံယူမှီ ကြိုတင်ရရှိသော ဆေးဝါးကုသမှုမှာ တောဝလေ့ဆန်ပြီး ထိုကုသမှုကပင် ဆေးမှူးအနီးအနားတွင် ရှိမှဖြစ်နိုင်သည်။[၅၉]

မြန်မာနိုင်ငံကျန်းမာရေးစနစ်မှာ ဥပေက္ခာပြုခံထားရသဖြင့် ဆုတ်ယုတ်မှုပျက်စီးနေသည်။ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်သော ကျန်းမာရေးဝန်ထမ်းများမှာ တလ အမေရိကန် (၅)ဒေါ်လာခန့်သာရှိသော လစာငွေကို ရရှိကြ

---

[၅၃] ကျန်းမာရေးဝန်ထမ်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ဧပြီလ (၂၅)ရက်နေ့၊ ၂၀၀၀ပြည့်နှစ်။

[၅၄] Mohammad Nurul Islam ၊ မြေမြှုပ်မိုင်းအတွက် ကြီးကြီးမားမားပေးဆပ်နေရသောနေရာ၊ *The Independent* မေလ (၂၈)ရက်နေ့၊ ၁၉၉၉ခုနှစ်၊ စာမျက်နှာ ၁၄။

[၅၅] ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော ဗုဒ္ဓဘာသာ ရဟန်းတော်တပါးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ စစ်တကောင်း၊ ဒီဇင်ဘာလ(၄)ရက်နေ့၊ ၁၉၉၉ခုနှစ်။

[၅၆] Somsak Suksai ၊ "ဆင်များမိုင်းအန္တရယ် ကျရောက်နေခြင်း"၊ *Bangkok Post* ၊ စက်တင်ဘာလ(၁၀)ရက်၊ ၁၉၉၉ခုနှစ်။ Sakchai Lalit၊ "ထိုင်းဆင်မြေမြှုပ်မိုင်းနင်းမိခြင်း"၊ AP Online၊ ဩဂုတ်လ(၂၄)ရက်၊ ၁၉၉၉ခုနှစ်။ "မော်တိုလာ၏ သဲထိပ်ဖွယ် ခွဲစိတ်ကုသမှု"၊ *The Sunday Nation*၊ ဩဂုတ်လ(၂၉)ရက်၊ ၁၉၉၉ခုနှစ်၊ "မော်တိုလာနလန်ထူလာခြင်းကို တိရိစ္ဆာန်ဆရာဝန်များ ကျေနပ်"၊ *The Nation*၊ ဩဂုတ်လ(၃၁)ရက်၊ ၁၉၉၉ခုနှစ်။ "မော်တိုလာအတွက်ခြေအသစ်တပ်ဆင်"၊ *Bangkok Post*၊ စက်တင်ဘာလ(၇)ရက်၊ ၁၉၉၉ခုနှစ်။

[၅၇] ရခိုင်တော်လှန်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခန်း၊ စစ်တကောင်း၊ ဒီဇင်ဘာလ(၃)ရက်၊ ၁၉၉၉ခုနှစ်။

[၅၈] *၁၉၉၉ခုနှစ် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ* တွင်ရှု၊ စာမျက်နှာ ၄၅၃။

[၅၉] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၊ ၁၉၉၉ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ။

သည်။[၆၀] ထိခိုက်ဒါဏ်ရာရသူက ငွေမပေးနိုင်လျှင် ပြည်သူ့ဆေးရုံ၌ဖြစ်စေ၊ ပြင်ပ ပုဂ္ဂလိက ဆေးခန်းများတွင် ဆေးကုသမှုရရှိရန် မဖြစ်နိုင်ချေ။ တပ်မတော်မှထောင်ထားသော မိုင်းဒါဏ်ခံရသူများ ဆေးဝါးကုသမှုခံယူရန်အသွား ဆေးရုံမရောက်မီ စစ်သားများက ကြားဖြတ်တားဆီး၍ လူနာကို လာလမ်းအတိုင်း ပြန်သွားရန် အမိန့်ခဲ့ကြောင်း မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ကို နှစ်ကြိမ်ပြောကြားဘူးသည်။ ထို့အပြင် ထိုထိခိုက်ဒါဏ်ရာ ရရှိမှုကို အများပြည်သူရှေ့ ထုတ်ဖေါ်မပြောရန်ကိုလည်း သတိပေးလိုက်သေးသည်။[၆၁]

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားပြုစုပျိုးထောင်ရေးဌာနမှတဆင့် ခန္ဓာကိုယ်အတု အစိတ်အပိုင်းများလှူဲပေးသည်။ တနိုင်ငံလုံးအတိုင်းအတာနှင့် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနအနေဖြင့် အစိုးရထံမှ မည့်သည့်ငွေကြေးကိုမျှ မရရှိပေ။ လူနာအားလုံး မိမိတို့မြို့ရွာရှိ ပြုစုပျိုးထောင်ရေးစခန်းများသို့ သွားကြရသည်။ အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနအကြောင်း မြန်မာ့ကျန်းမာရေးစနစ်အတွင်း စနစ်တကျ သတင်းဖြန့်ချီပေးခြင်းမျိုးမရှိပေ။ ထိုဌာနရှိနေကြောင်း ကျန်းမာရေးဝန်ထမ်း အများအပြားပင်မသိကြောင်း ဌာနညွှန်ကြားရေးမှူးကပြောသည်။ တလ လူနာ (၃၀)ခန့်စီ လက်ခံကုသပေးနိုင်သော အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနစခန်းခွဲ နှစ်ခု ရန်ကုန်နှင့် မန္တလေးတွင်ရှိသည်။ တနိုင်ငံလုံးတွင် ထိုစခန်းခွဲနှစ်ခုနှင့် ရန်ကုန်မြို့အနီးရှိ မင်္ဂလာဒုံစစ်ဆေးရုံတို့ကသာ ခြေတုများ တပ်ဆင်ပေးနိုင်သော ဆေးကုသမှု စနစ်ရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က မေမြို့အနီး တည်ဆောက်ပေးထားသော ဆေးရုံသည်လည်း လက်ရှိအခြေအနေတွင် လုပ်ငန်းလည်ပတ်နိုင်မှု မရှိသေးပေ။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ပဲခူးတိုင်းတို့မှ လူနာအများစုမှာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာတို့၏ စီစဉ်မှုဖြင့် (ဆေးရုံသို့)ရောက်ရှိလာကြသည်။

အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနက လူနာတချို့အကြောင်းကိုသာ စာရင်းတင်ပြနိုင်သည်။ ၁၉၉၀ ခုနှစ်မှ၁၉၉၈ခုနှစ်ထိ လူနာ ၁၄၀၀ ကို ခြေတုလက်တု တပ်ဆင်ပေးခဲ့ပြီး၊ ထိုအထဲမှ (၇၀)ရာနှုံးမှာ မြေမြှုပ်မိုင်းကြောင့် ဒါဏ်ရာရသူများဖြစ်သည်။[၆၂] ၁၉၉၉ခုနှစ် ဧပြီလနှင့်စက်တင်ဘာလအတွင်း အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနမှ မြေမြှုပ်မိုင်းဝေဒနာရှင် (၁၅၇)ယောက်ကို ကုသပေးခဲ့သည်။[၆၃]

ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံများမှကုသပေးမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များမရရှိပေ။ သို့သော် စစ်ဆေးရုံများ၏ ခြေတုလက်တု တပ်ဆင်ပေးမှုမှာ အရပ်သားဆေးရုံများကတပ်ဆင်ပေးသော ပမာဏ၏ နှစ်ဆခန့်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ စာရင်းများတွင် ဖေါ်ပြသည်။[၆၄]

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးကြပ်သော သက်မွေးဝမ်းကြောင်းပာပညာသင်ပေးသည့် ပြန်လည်ပြုစုပျိုးထောင်ရေး စခန်းတခု ရန်ကုန်တွင်ရှိသည်။ ခြေလက်ဖြတ်တောက်ခံထားရသောသူများအတွက် သက်မွေးဝမ်းကြောင်း ပညာသင်ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းတခုကို နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့များ၏အကူအညီဖြင့် ရန်ကုန်မြို့တွင် တည်ဆောက်လျှက်ရှိသည်။

တိုင်းရင်းသားလူမျိုးများကိုအခြေခံ၍ သီးခြားလွတ်လပ်စွာတည်ထောင်ထားသည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများဟုခေါ်သော နယ်လှည့်ကျန်းမာရေးအဖွဲ့ တဖွဲ့သည် တိုင်းရင်းသားလူပ်ရှားမှုနယ်မြေများဖြစ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လှည့်လည်၍ ဆေးဝါးကုသပေးလျှက်ရှိသည်။ ထိုအဖွဲ့သည် ရှေးဦးပြုစုမှုနှင့် အရေးပေါ် ဆေးကုသမှုအများအပြားကို ဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။ ထိုအဖွဲ့မှဆေးမှူးများသည် ခွဲစိတ်ကုသမှုဆိုင်ရာ

---

[၆၀] ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရာရှိတဦးနှင့် ရန်ကုန်တွင်တွေ့ဆုံမေးမြန်းခြင်း၊ ဇန်နဝါရီလ ၂၀၀၀ပြည့်နှစ်၊ နှင့် "မြန်မာနိုင်ငံ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု"၊ ကမ္ဘာ့ကုလသမဂ္ဂ အလုပ်အဖွဲ့၊ ဇူလိုင်လ၊ ၁၉၉၈ခုနှစ်၊ စာမျက်နှာ ၁၄။

[၆၁] ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော မြန်မာနိုင်ငံမှ အိမ်ယာမဲ့ ဖြစ်နေသူများနှင့် တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာ ၁၉၉၉ခုနှစ်။

[၆၂] အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာန စာရင်းဇယားများနှင့် ထိုဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ရဲလှိုင်နှင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းခြင်း၊ ဩဂုတ်လ၊ ၁၉၉၉ခုနှစ်။

[၆၃] အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနမှ ဂျပန်နိုင်ငံ ကူညီရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းသို့ ကိန်းဂဏန်းများ ပေးပို့သည်၊ ဒီဇင်ဘာလ၊ ၁၉၉၉ခုနှစ်။

[၆၄] ကာကွယ်ရေးဝန်ကြီးဌာနမှ ရန်ကုန်နှင့် မေမြို့များတွင် ဖွင့်လှစ်ထားသော စစ်ဆေရုံများသို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ခြေတု လက်တုများ ထောက်ပံ့ပေးနေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ၁၉၇၉–၁၉၉၈ ဇယားများနှင့် ဂရပ်များတွင်ရှု၊ ဇွန်လ (၈)ရက် ၁၉၉၉ခုနှစ်။ အခုအခါ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အနေဖြင့် နောက်ထပ်အကူအညီများပေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ တင်လာသော အဆိုပြုချက်များကို စောင့်ဆိုင်းနေရသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့် အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနတို့မှ ပေးပို့သော ကိန်းဂဏန်းများကို နှိုင်းယှဉ်လျှင်၊ စစ်ဆေးရုံများသည် အရပ်သားဆေးရုံများထက် နှစ်ဆခွဲ ပို၍ ထောက်ပံ့ပေးနေရသည်။

ဆေးသင်တန်းကို အမေရိကန်အခြေစိုက် ဆေးပညာရှင်အဖွဲ့မှ ရရှိသည်။ မြေမြှုပ်မိုင်းနှင့် နောက်ဆက်တွဲဝေဒနာများ အမည်ဖြင့် အထူးအလုပ်ရုံဆွေးနွေးပွဲတရပ်ကို ၁၉၉၉ခုနှစ် ဇူလိုင်လ လယ်ပိုင်းက ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည်။ ဆေးမှူးအားလုံးကို အရေးပေါ်ခွဲစိတ်ကုသမှုအတွက် လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။ အနီးအနားရှိ တဲအိမ်များပေါ်မှ ကြမ်းပြင်ပေါ်တွင် သန့်ရှင်းသော ပလတ်စတစ်များခင်း၍ ခွဲစိတ်ကုသပေးမှုများကို ဆောင်ရွက်ကြသည်။ နယ်လှည့်ကျန်းမာရေး ဆေးမှူးများ အသုံးပြုသော အရိုးဖြတ်လွှများမှာ တုံးနေပြီဖြစ်၍ အရိုးဖြတ်လွှအသစ်များ အကူညီပေးရန် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေး သုတေသီများကို အကူအညီတောင်ခံခဲ့ဘူးသည်။[၆၅]

---

[၆၅] ကျောပိုးအိတ်ကျန်းမာရေးအလုပ်သမားများအဖွဲ့၊ အဖွဲ့ဝင်ဆေးမှူးများနှင့် "မြေမြှုပ်မိုင်းနှင့် နောက်ဆက်တွဲဝေဒနာများ" သင်တန်းကာလတခုအတွင်း တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ဇူလိုင်လ ၁၉၉၉ခုနှစ်။